ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (22-6-2008) (၅၇၁၇)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာမှ ပြည်သူများအား လေမုန်တိုင်းဒဏ်ခံရသည့် ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဖြည့်ဆည်းစီမံပေးနေမှုများကို ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လှိုင်းဘုန်းကျေးရွာ၊ ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ခိုင်မာတောင့်တင်းရေးနှင့် ဒေသဖွံ့ဖြိုးရေး အလုပ်ကိုကြိုးစားအားထည့်လုပ်ရန် မှာကြား

နေပြည်တော်   ဇွန်   ၂၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ဘိုကလေးမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ဘိုကလေးမြို့၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ငါးဖမ်းလှေတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရှင်းလင်းပြသသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာအတွက် ရောက်ရှိနေသည့် လက်တွန်းထွန်စက်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ ယနေ့ ဆောင်းပါးအညွှန်း

ရန်ကြီးအောင်၏ **“ခေါင်းအေးအေးထားပြီး စဉ်းစားကြစေလိုပါသည်”** (ဆောင်းပါး) စာမျက်နှာ-၆၊၇

ကြေးမုံ
The Mirror

၂၂-၆-၂၀၀၈
(တနင်္ဂနွေနေ့)

အမျိုးသား ပညာရည်မြင့်မားရေး ဖော်ဆောင် အသိပညာရှင်၊ အတတ်ပညာရှင်များ ပျိုးထောင်မွေးထုတ်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်း တိုးတက်ပြောင်းလဲလျက်ရှိသည်။ နိုင်ငံတကာ၌ နည်းပညာအသစ်များ၊ ဆန်းသစ်တီထွင်ထားသည့် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ ကွန်ပျူတာအခြေခံ ခေတ်မီပစ္စည်းများ နေ့စဉ်ပေါ်ပေါက်နေသည်ကို တွေ့ရသည်။

ယင်းသို့သော အခြေအနေမျိုးတွင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံတကာနှင့်အမီ လိုက်ပါဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ် ကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံမှ ထိုးဖောက်ခြယ်လှယ် လွှမ်းမိုးမှုများမှ ကာကွယ်ရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုးများ ထိန်းသိမ်းစောင့်ရှောက်ရေးစသည့်အမျိုးသားရေးတာဝန်များကိုလည်း ထမ်းရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းလျက်ရှိရာတွင် အမျိုးသားပညာရည်မြင့်မားရေး အပါအဝင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးထားပြီးဖြစ်သည်။

အမျိုးသားပညာရည် မြင့်မားရေး ဖော်ဆောင်ရာတွင် အခြေခံပညာ ကဏ္ဍမှသည် အဆင့်မြင့်ပညာကဏ္ဍအထိ ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းစနစ်များ၊ ခေတ်မီ ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာများကို ပို့ချပေးလျက်ရှိသည်။ ရေကြောင်းသိပ္ပံပညာရပ်များ၊ လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရပ်များကိုလည်း သင်ယူနိုင်ရေး ပညာရေးအဆောက်အအုံများကို ထူထောင်ပေးထားသည်။

ယခုအခါ နိုင်ငံတော်အစိုးရက အမျိုးသားပညာရည် မြင့်မားရေးအတွက် ပညာရေးဆိုင်ရာ အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို အဘက်ဘက်က ဖန်တီးဖြည့်ဆည်းပေးလျက်ရှိရာ ဆရာ၊ ဆရာမများ အားလုံးက ခေတ်မီနည်းပညာနှင့် ကျွမ်းကျင်မှုမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံအတွက် စိတ်ဓာတ်နှင့် ပညာအရည်အသွေး မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဆက်လက်ပေါ်ထွက်လာမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးအုန်းမြင့်-ဒေါ်ခင်ဦး၊ သမီး မနှင်းရည်ဦး၊ မကေသီဦး၊ မသီတာဦး မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို ရွှေရတုဆရာတော်များ ဖြစ်ကြသော ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် ဘဒ္ဒန္တဝံသပါလာလင်္ကာရ ဆရာတော် နှစ်ပါးထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ ပင်မဉက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား	
	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNODC ဌာနေကိုယ်စားလှယ်လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNODC ဌာနေကိုယ်စားလှယ် Mr.Shariq Bin Raza နှင့် အဖွဲ့သည် ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြတ်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် ရုံးအဖွဲ့မှူး ဦးနေမျိုးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNODC ဌာနေကိုယ်စားလှယ် Mr.Shariq Bin Raza လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြို့လုံးကျွတ်သံဃာတော်များအား ဝါတွင်းသုံးလ နေ့စဉ်မပျက် အရုဏ်ဆွမ်းလောင်းလှူရန် စီစဉ်

ရန်ကုန် ဇွန် ၂၁

ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား အရှေ့ဘက်မုခ် ဒေါ်လှယဉ်မွှေးရုံ၌ တည်ရှိသော မြို့မဆွမ်းလောင်းအသင်းကြီးက ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုတော်မူကြသော သံဃာတော်အပါး၂၅၀၀ကျော်တို့အား ဝါတွင်းသုံးလတိုင်တိုင် နေ့စဉ်မပျက် အရုဏ်ဆွမ်းလောင်းလှူနိုင်ရန် စီစဉ်လျက်ရှိရာ အရုဏ်ဆွမ်းတစ်နပ်လျှင် သီးစုံပဲဟင်းဖြင့် ငွေကျပ် သုံးသိန်းငါးသောင်း၊ ဝက်သားဟင်းဖြင့် တစ်နပ်လျှင် ငွေကျပ် ခြောက်သိန်း၊ ကြက်သားဟင်းဖြင့် တစ်နပ်လျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်အေး ဖုန်း-၀၄၂ ၂၄၂၇၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၀၉၅၂ ၀၂၁၆၇၊ အတွင်းရေးမှူး ဦးနေဝင်း ဖုန်း-၀၄၂ ၂၂၃၀၃ ပုသိမ်မြို့နယ် သာသနာ့အကျိုးဆောင်အဖွဲ့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဇွန် ၁၉ ရက်တွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းရွာအနီးရှိ ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံ ရှင်းလင်းခန်းမ၌ ဝန်ကြီးအား စက်ရုံမှူး ဦးထွန်းချစ်က လအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုအခြေအနေ၊ တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ စက်များပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက မိုးရာသီတွင် ဖြစ်လေ့ရှိသော ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းစသော သဘာဝဘေးအန္တရာယ်တို့ကိုကာကွယ်ရေးအတွက် စီမံချက်များ ကြိုတင်ရေးဆွဲထားသည့်အတိုင်း အမြဲဂရုပြုဆောင်ရွက်ရန်၊ ဓာတ်အားပေးစက်များကို စက်စွမ်းအားပြည့် မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားရန်၊ စက်ရုံနယ်မြေအတွင်း နှစ်ရှည်သီးနှံပင်များစိုက်ပျိုးကြရန်၊ အတွေ့အကြုံရင့် အင်ဂျင်နီယာကြီးများက အင်ဂျင်နီယာ ဝန်ထမ်းငယ်များအား လက်ဆင့်ကမ်း လေ့ကျင့်သင်ကြားပေးကြရန်၊ ဓာတ်အားပေးစက်များကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမေးမြန်းပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်များ မောင်းနှင်နေမှု၊ Control Room အတွင်း ဓာတ်အားပေးစက်များကို ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်မောင်းနှင်နေမှုနှင့် Switch Gear Panel များနှင့် တာဘိုင်စက်များ မောင်းနှင်နေမှုတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ စက်တပ်ဆင်အင်အား ၁၂ ဒသမ ၅ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက် နှစ်လုံး စုစုပေါင်း ၂၅ မဂ္ဂါဝပ်မှ နှစ်စဉ်ပျှမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃သန်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ဧည့်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇွန် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား Europe Continents မှ Chairman Mr. J.M. Beaujolin သည် ဇွန်၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရှေ့ပေါ် ပြင်ပလူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ကွပ်ကဲမှုရုံးခန်း၌ လာရောက်တွေ့ဆုံပြီး လေဘေးသင့်ဒေသရှိ ဆေးရုံများနှင့် ကျန်းမာရေးလုပ်ငန်းများ ကူညီရန်နှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ပြည်သူများနှင့် ဒေသများအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် နီပေါနိုင်ငံအစိုးရက လှူဒါန်းသည့် အမေရိကန်ဒေါ်လာလေးသောင်းအား နီပေါနိုင်ငံ အစိုးရကိုယ်စား သံအမတ်ကြီး H.E.Ms.Guna Laxmi Sharma က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သီတဂူဆရာတော်ဦးဆောင်တော်မူသည့်သီတဂူသာသနာပြုအဖွဲ့က မုန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ်ဆေးရုံ၊ ဖျာပုံမြို့နယ် ကဒုံကနီ တိုက်နယ်ဆေးရုံ အမာမြို့ ဆေးရုံများသို့ ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံးဆေးဝါးပစ္စည်းများ လှူဒါန်း

နေပြည်တော် ဇွန် ၂၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ဆေးရုံ၌ ကျင်းပသော သီတဂူဆရာတော် ဦးဆောင်တော်မူသည့် သီတဂူသာသနာပြုအဖွဲ့က မုန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ်ဆေးရုံ၊ ဖျာပုံမြို့နယ် ကဒုံကနီတိုက်နယ်ဆေးရုံနှင့် အမာမြို့ဆေးရုံများသို့ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ခန့် တန်ဖိုးရှိသည့် ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံး ဆေးဝါးပစ္စည်းများ လှူဒါန်းသည့်အခမ်းအနားသို့ တက်ရောက်သည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D,D.Litt) မုန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ် ဆေးရုံ၊ ဖျာပုံမြို့နယ် ကဒုံကနီ တိုက်နယ်ဆေးရုံနှင့် အမာမြို့ ဆေးရုံများသို့ ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံး ပစ္စည်းများကို သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းရသည့် ရည်ရွယ်ချက်များ၊ ဆက်လက်လှူဒါန်းရန် စီစဉ်ထားမှု များကို ရှင်းလင်းမြွက်ကြားတော်မူစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D.,D.Litt)၊ ဘိုကလေးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဇေယျမေဒနီ ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝံသနှင့် မြို့နယ်အကျိုးတော်ဆောင် ကျိုက်ပိ ကျောင်းဆရာတော် ဘဒ္ဒန္တဇဋိလတို့ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေးဗဟိုကော်မတီဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီး အကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သမားတော် ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ သီတဂူ သာသနာပြုအဖွဲ့ဝင်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက်သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D, D.Litt) က မုန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ် ဆေးရုံ၊ ဖျာပုံမြို့နယ် ကဒုံကနီတိုက်နယ်ဆေးရုံနှင့် အမာမြို့ဆေးရုံများသို့ ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံး ပစ္စည်းများအား သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းရသည့်ရည်ရွယ် ချက်များ၊ ဆက်လက်လှူဒါန်းရန် စီစဉ်ထားမှုများကို ရှင်းလင်းမြွက်ကြား တော်မူသည်။

ယင်းနောက် သီတဂူဆရာတော်ကိုယ်စား သီတဂူသာသနာပြုအဖွဲ့ ကပ္ပိယကာရက အတွင်းရေးမှူး ဦးဟန်က သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ဘိုကလေးမြို့နယ်ဆေးရုံအတွက် လှူဒါန်းသော ဆေးဝါးနှင့် ဆေးရုံသုံးစက်ကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်ထံ သီတဂူသာသနာပြုအဖွဲ့ ကပ္ပိယကာရကအဖွဲ့ဝင် ဦးသန်းလွင် က ဖျာပုံမြို့နယ် အမာမြို့ဆေးရုံအတွက် လှူဒါန်းသော ဆေးဝါးနှင့် ဆေးရုံ သုံး စက်ကိရိယာများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ် လှူဒါန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦးထံ သီတဂူ သာသနာပြုအဖွဲ့ ကပ္ပိယကာရကအဖွဲ့ဝင် ဦးမောင်မောင်အေးက ဖျာပုံမြို့နယ် ကဒုံကနီတိုက်နယ်ဆေးရုံအတွက် လှူဒါန်းသော ဆေးဝါးနှင့် ဆေးရုံသုံး စက်ကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ် လှူဒါန်းသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင် စကား လျှောက်ထားပြောကြားရာတွင် ယခုလှူဒါန်းသောဆေးရုံသုံးပစ္စည်းများ သည် အရေးပေါ်လူနာများအတွက် မရှိမဖြစ်အလွန်အရေးကြီး အသုံးဝင်လှ သည့် နှလုံးစမ်းသပ်စက်၊ မေ့ဆေးစက်၊ E.C.G စက်၊ အာထရာဆောင်း စသည်တို့အပြင် ဆေးရုံသုံးပစ္စည်း၊ မီးစက်များပါ ထည့်သွင်းလှူဒါန်းထားသည် ကို တွေ့ရသည့်အတွက် ဒေသတွင်းရှိပြည်သူများ၏ ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါကြောင်း။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သီတဂူဆရာတော် ဦးဆောင်တော်မူသည့် သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းထားသည့် ဆေးရုံသုံး၊ ဆရာဝန်သုံးနှင့် လူနာသုံးဆေးဝါး ပစ္စည်းများကို ကြည့်ရှုကြစဉ်။
(သတင်းစဉ်)

ဆရာတော်ကြီးဦးဆောင်ပြီး ဆရာတော်၏ သီတဂူအဖွဲ့ အလှူရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ အမာ၊ ဒေးဒရဲမြို့နယ်များအတွင်း လေဘေးသင့် ရဟန်းရှင်လူပြည်သူများအား မေတ္တာ၊ ကရုဏာရှေ့ထားပြီး စားသောက်ဖွယ်ရာများ၊ ဆန်အိတ်များ၊ အဝတ် အထည်များ၊ အိုးခွက်ပန်းကန်များ၊ ဆေးနှင့်ဆေးပစ္စည်းများအပြင် လေဘေး ဒဏ်ကြောင့်ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ရန် အတွက် သွပ်အချပ်ပေါင်း တစ်သိန်းသုံးသောင်းကျော်နှင့် ပြင်ဆင်စရိတ် ငွေကြေးများကိုပါ ပမာဏများပြားစွာ လှူဒါန်းခဲ့ကြောင်း သိရှိရသည့်အတွက် လေဘေးသင့်သည့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ကိုယ်စား များစွာကျေးဇူး ဥပကာရ တင်ပါကြောင်း။

မေ ၂ရက်နှင့် ၃ ရက်များတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် မိမိတို့နိုင်ငံသမိုင်းတွင် တစ်ကြိမ်တစ်ခါမျှမကြုံတွေ့ခဲ့ဖူးသော ပြည်သူအများ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှု အလွန်များပြားလှသည့် ဖြစ်ရပ်ဆိုး ကြီးဖြစ်ပါကြောင်း။

အသက်ရှင်ကျန်ရစ်သည့် လေဘေးသင့်ပြည်သူများအား မိမိကိုယ်တိုင် ခံစားရသကဲ့သို့ စာနာထောက်ထားကြင်နာသနားပြီး ကရုဏာလမ်းကြောင်း ကိုတည်ဆောက်၍ ကာယကံမြောက်လက်တွေ့အကောင်အထည်ဖော် ကူညီ ပေးကမ်းစောင့်ရှောက်ခဲ့ပါသော ဆရာတော်ကြီးနှင့်တကွ အလှူရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လေဘေးသင့်ပြည်သူများ၏ကိုယ်စား များစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့်အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့်လည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းဖြင့် လျှောက်ထားပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက် ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များသည် သီတဂူသာသနာပြုအဖွဲ့ကလှူဒါန်းထားသည့်ဆေးရုံသုံး၊ ဆရာဝန် သုံးနှင့် လူနာသုံးဆေးဝါးပစ္စည်းများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကွန်းစိုက်ခင်းစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-၁၀)

(သတင်းစဉ်)

ဇာတ်သဘင်ပွဲတော်ကြီး ကပြဖျော်ဖြေမည်

ရန်ကုန် ဇွန် ၂၁

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)၏ စီစဉ်ကြီးကြပ်မှုဖြင့် သဘင်ပညာရှင်များ၏ ဇာတ်သဘင်ပွဲတော်ကြီးကို ဇွန် ၂၅ ရက်၊ ၂၆ရက်နှင့် ၂၇ရက်ညတို့တွင် မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ကပြဖျော်ဖြေမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ ငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသော ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ဌေးဌေးနှင့်ဒေါ်ပိုပိုကြည်တို့သည် ယနေ့မွန်းလွဲ၁နာရီတွင် ဗဟန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၌ လေမုန်တိုင်းဒဏ်ကြောင့် မိဘများဆုံးပါးသွားသဖြင့် ပြုစုထားသည့် ကလေးငယ်သုံးဦးအား နွေးထွေးစွာတွေ့ဆုံ၍ အဆိုပါကလေးများအတွက် လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ၊ စားစရာများနှင့် ကစားစရာအရုပ်များ လှူဒါန်းခဲ့သည်။

ယင်းနောက် ရွှေဂုံတိုင်ကလေးပြုစုရေးဌာနရှိ ကလေး ၄၆ ဦးအတွက် နို့မှုန့်၊ အိုဗာတင်း၊ စားစရာမုန့်များ၊ အဝတ်အထည်များနှင့် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာလေးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

သဘာဝဓာတ်ငွေ့များရောင်းချနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၂၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း Daewoo International Corporation, ONGC Videsh Limited, GAIL (India) Limited, Korea Gas Corporation နှင့် China National Petroleum Corporation တို့သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-1 နှင့် A-3 တို့မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်းရောင်းချနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) ကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Park Key-Chong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌ Mr. Liao Yongyuan၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Young Won Kang နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် နားလည်မှုစာချွန်လွှာကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Limited ညွှန်ကြားရေးမှူး Mr. Joeman Thomas၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌနှင့် အသိသက်သေအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးအောင်တို့ကလက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"စူဠကာလ၊ မဟာကာလ သုတ္တန်"တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
၈း၀၅ - ၂း၀၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၀ - ၂း၅၀	ရွှေမြိုင်ဆန်တန်းမှာ...မျှော်မှန်း 'မြတ်နိုဗ္ဗာန်စခန်း'(အပိုင်း-၂)
၉း၀၅ - ၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	၄က်မျိုးစုံစွာပျော်ရွှင်စရာကမ္ဘာ (အပိုင်း-၂)
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅- ၃း၃၅	ဗုဒ္ဓအလိုတော်ကျ ရှင်ပြုရဟန်းခံမင်္ဂလာ
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	မိသားစုတနင်္ဂနွေ (သီရိမင်္ဂလာကမ္ဘာအေးစေတီတော်)
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	ဆန်းပြားအသွင် မြန်မာ့ကြက်ဆင်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	သိစေချင်သည် ICT (WCDMA အကြောင်း သိကောင်းစရာ)
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ဆန်းသစ်လှပခေတ်မီသော မြန်မာ့ချည်ထည်အဆင်ဆန်းများ
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (အသားစဉကြော်ပြုလုပ်နည်း)
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးကိုသတိပြု [ဒေါက်တာခင်မောင်လွင်(ညွှန်ကြားရေးမှူး)၊ ဒေါက်တာသန်းထွဋ်]
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	Biz Net
၁၂း၃၀ - ၆း၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ 'နှလုံးသားစီရင်ခန်း'
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၇း၅၅ ၅။ ဇိုက္ကရဲရေထိန်းတံခါး

၈း၁၀ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ

၈း၃၀ ၇။ International News

၈း၄၅ ၈။ တေးဂီတအစီအစဉ်

၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၁၁း၂၅ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁း၄၀ ၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်

၁၂း၀၅ ၄။ **မြန်မာဗီဒီယိုဇာတ်လမ်း "သူစေညွှန်ရာစေ" (လူမင်း၊ရီဝေယံ၊ ထက်ထက်မိုးဦး၊ လှမျိုးသဥ္ဇာနွယ်) (ဒါရိုက်တာ-ဟိန်းစိုး)**

၁း၅၀ ၅။ ၂၀၀၇ခုနှစ်၊ ဇူလိုင်လ (၃) ရက်၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှု ပြပွဲနှင့် ပဒေသာကပွဲ (အပိုင်း-၁)

၂း၄၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၂း၅၀ ၇။ International News.

၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၀ ၂။ **"ညှော်မယ်ဗျို့"(ခန့်စည်သူ၊ ၄ုက်ပျောကြော်၊မိုးပြည့်ပြည့်မောင်၊ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**

၄း၂၀ ၃။ တေးဂီတအစီအစဉ်

၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၄၅ ၅။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ

၅း၀၀ ၆။ ဆိုကြမယ် ပျော်ကြမယ်

၆း၀၀ ၇။ ညနေခင်းသတင်း

၆း၃၀ ၈။ မိုးလေဝသအခြေအနေ

၆း၄၀ ၉။ "စွမ်းဆောင်ရည်မြင့်မားမြန်မာအမျိုးသမီးများ" (အပိုင်း-၂)

၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်"(အပိုင်း-၇)**

၈း၀၀ ၁၁။ ပြည်တွင်းသတင်း

၁၂။ နိုင်ငံတကာသတင်းများ

၁၃။ မိုးလေဝသအခြေအနေ

၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၃၂)**

၁၅။ အစီအစဉ်ပြီး၏။

ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင် ဆောက်လုပ်မှု တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အဆောင်များနှင့် လျှပ်စစ်မီးတိုင်၊ မီးကြိုးများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ခုတင် ၂၀၀ ဆံ့ လေးထပ် တိုးချဲ့ဆောင်သစ်အတွက် အလှူငွေ ကောက်ခံရရှိမှုနှင့် ဆောက်လုပ်ပြီးစီးမှု၊ သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ကလေးငယ်များအတွက် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ စုဆောင်းထားရှိမှုနှင့် သွေးလှူရှင်လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးကလိုအပ်သည်များကိုမှာကြားပြီး ဆေးရုံဝင်းအတွင်း တိုးချဲ့ဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်ကလေးဆေးရုံကြီး ခုတင် ၂၀၀ ဆံ့ လေးထပ် တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၈၅၀၀ကျော် ကုန်ကျမည်ဖြစ်ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် အလှူငွေကျပ်၄၀၉၅သိန်း ကောက်ခံရရှိပြီးဖြစ်သည်။ အလှူရှင်များထပ်မံလိုအပ်လျက်ရှိပြီး ဆေးရုံတက်ကလေးငယ်များအတွက်လည်း သွေးလှူရှင်များ လိုအပ်လျက်ရှိရာ လှူဒါန်းလိုသူများအနေဖြင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဖုန်း-၀၁-၃၇၀၅၀၈၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဖုန်း-၀၁-၅၄၄၂၇၉၊ရန်ကုန်ကလေးဆေးရုံ ဆေးရုံအုပ်ကြီးဖုန်း-၀၁-၂၂၁၄၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း ရန်ကုန်ကလေးဆေးရုံကြီး ခုတင် ၂၀၀ ဆံ့ လေးထပ် တိုးချဲ့ဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပန်းတနော်လမ်းနေ ဦးဝင်းမောင်-ဒေါ်ခင်သောင်းမိသားစုကမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော စမ်းချောင်းမြို့နယ်၊ လင်းလွန်းပင်ပရိယတ္တိစာသင်တိုက် အတွင်းရှိ ပြုပြင်ဆဲကျောင်းဆောင်များအတွက် ဆရာတော်ဘဒ္ဒန္တဥတ္တမာစာရထံအလှူငွေကျပ်ငါးသိန်းလှူဒါန်းစဉ်။(က-ပ)

ဓမ္မစေတီဖောင်ဒေးရှင်းဆရာတော် လေဘေးသင့်ပြည်သူများအား သိန်း ၈၀၀ ကျော်ဖိုး လှူဒါန်း

ရန်ကုန် ဇွန် ၂၁

မန္တလေးတိုင်း၊ မန္တလေးမြို့နယ်၊ မဟာမြတ်မုနိ သာသနာ နှစ်ထောင့်ငါးရာဗိမာန်မှဓမ္မစေတီဖောင်ဒေးရှင်း ဦးဆောင် ဆရာတော် ဘဒ္ဒန္တနာဂိန္ဒာ လင်္ကာရသည်ဓမ္မစေတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးအေးသွင်(မန္တလေး)၊ ရွှေဟသ်ာ-ကွန်ကရစ်လုပ်ငန်း ဓမ္မစေတီဖောင်ဒေးရှင်း အတွင်းရေးမှူး (ရန်ကုန်) ဦးတင်မောင်မြင့် ပန်းချယ်ရီ စားသောက်ကုန်လုပ်ငန်းနှင့် အလှူရှင်များသည် မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်များ အတွင်းရှိ ကျေးရွာပေါင်း ခြောက်ဆယ်ကျော်တို့မှလေဘေးသင့်ပြည်သူများအား မေ ၂၆ ရက် မှစ၍ ဇွန် ၂ရက်အထိ ဆရာတော် ကိုယ်တိုင် ကျေးရွာများအနှံ့ လှည့်လည်၍ ငွေကျပ်သိန်းရှစ်ရာကျော်တန်ဖိုးရှိသော အဝတ်အထည်လူသုံးကုန် ပစ္စည်းမျိုးစုံနှင့် စားသောက်ဖွယ်ရာ ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(က-ပ)

ငပုတောမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ရန်ကုန် ဇွန် ၂၁

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ငပုတောမြို့နယ် လေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဧရာဝတီတိုင်း တီဘီ ဆရာဝန်ကြီး ဒေါက်တာစောသိန်း ဦးဆောင်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာမင်းကိုနှင့်အတူရောဂါနှိမ်နင်းရေးဆရာဝန်နှစ်ဦး၊လက်ထောက်ကျန်းမာရေးမှူးနှစ်ဦး၊ ဓာတ်ခွဲဝန်ထမ်းနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအပါအဝင် စုစုပေါင်း အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနယ်လှည့်ကွင်းဆင်းအဖွဲ့သည် အဖွဲ့(၂)ဖွဲ့ခွဲ၍ ငပုတောမြို့နယ်အတွင်းရှိ သွားလာရန် ခက်ခဲသည့် လေဘေးသင့် ကျေးရွာများသို့ ဇွန် ၁၁ ရက်မှ ၁၄ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းအဖွဲ့သည် ငပုတောမြို့နယ် ကျောက်ချောင်းတိုက်နယ်ဆေးရုံနှင့် သွားလာရန်ခက်ခဲသည့် ကျေးရွာများဖြစ်သော ဇီးချိုင်ရွာ၊ ကံချိုင်ရွာ၊မရမ်းကွင်းရွာများ၌လူနာများအား စမ်းသပ်ဆေးကုသပေးခြင်း၊ ကျေးရွာများမှ ဆေးသောက်ရန် ပျက်ကွက်သည့် တီဘီနှင့် အနာကြီးရောဂါ လူနာများအား ပြန်လည်ရှာဖွေဆေးကုသပေးခြင်း၊ တီဘီ၊ ငှက်ဖျားနှင့် အနာကြီးရောဂါ လူနာသစ်များရှာဖွေဖော်ထုတ် ဆေးကုသပေးခြင်း၊ အဏုကြည့်မှန်ပြောင်းဖြင့် ငှက်ဖျားနှင့်တီဘီရောဂါပိုး ရှိ၊ မရှိ ရှာဖွေပေးခြင်း၊ တွေ့ရှိလူနာသစ်များအား ဆေးကုသမှု ခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင် မွေးဖွားပြီးမိခင်နှင့် ကလေးများအား ဆေးကုသပေးခြင်း၊ အားဆေး၊ အာဟာရမှုန့်များ ပံ့ပိုးပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရောဂါကာကွယ်ကုသရေး လုပ်ငန်းများကိုဆွေးနွေးခြင်း၊ကျေးရွာများ အတွင်းရှိသောက်ရေ၊ သုံးရေများကို စစ်ဆေးခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်ထားမှုကို စစ်ဆေးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု ထောက်လှမ်းခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ တီဘီ၊အနာကြီး၊ AIDSနှင့် သွေးလွန်တုပ်ကွေးရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခဲ့ကြကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၁

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)အလှူငွေ လက်ခံရာဌာနသို့ ဇွန် ၂၀ရက်က လာရောက် လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ (ဗိုလ်မှူးညီမောင်)နှင့် ဒေါ်သိန်းဆမိသားစု (စမ်းချောင်း)က ငွေကျပ်တစ်သိန်း၊ ဒေါ်ဝေဝေမိသားစု(စမ်းချောင်း)က ငွေကျပ်၃၀၀၀၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း(ရုံးချုပ်) (နေပြည်တော်) ဝန်ထမ်းများက ငွေကျပ် ၁၃၁၉၅၀၀၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးလှဌေးနှင့် ဒေါ်စန်းစန်းနိုင်မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးစံတင်နှင့် ဒေါ်ခင်သန့်မိသားစု (တာမွေမြို့နယ်)က ငွေကျပ် တစ်သိန်း၊ မအေးသက်လျာဦး၊ မထက်သက်လျာဦး (ရွှေပေါက်ကံမြို့သစ်)တို့က ငွေကျပ်၁၀၀၀၀၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) (ကျိုင်းတုံ)မှတစ်ဆင့် ငွေကျပ် ၆၁၃၈၂၁၉၁၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁) (ကိုးကန့်)က ငွေကျပ်သိန်း ၆၀၀နှင့် Daewoo International Corporation, Seoul, Koreaက အမေရိကန်ဒေါ်လာ ၁၁၀၀၀၀ တို့ဖြစ်သည်။

ဇွန် ၂၀ ရက် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၂၂၉၆၄၆၉၁ နှင့် အမေရိကန်ဒေါ်လာ ၁၁၀၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းသင့်ပြည်သူများအတွက် H.E. Dr.Cham Prasidh, (Senior Minister & Minister of Commerce of the Kingdom of Cambodia) က အမေရိကန်ဒေါ်လာ ၂၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခေါင်းအေးအေးထားပြီး စဉ်းစားကြစေလိုပါသည်

ရန်ကြီးအောင်

လူတစ်ဦးတစ်ယောက်ရဲ့ ဘဝခရီးတစ်လျှောက်မှာ စိတ်ရှုပ်စရာ ဝေခွဲရခက်တဲ့ ဘဝလမ်းခွဲတွေ ကြုံကြရတတ်ပါတယ်။ စိတ်လှုပ်ရှားမှု ပြင်းထန်နေတဲ့အချိန်မျိုးမှာ ခံစားမှုနောက်ကိုလိုက်ပြီး ရွေးချယ်လိုက်တဲ့အခါ စွတ်စွတ်ရွတ်ရွတ်နဲ့ တစ်ကြိမ်တလေ မှန်ကောင်းမှန်သွားနိုင်ပေမယ့် ပကတိဘဝအခြေအနေမှန်ကို ဆန္ဒဇောကဖုံးနေတတ်တာမို့ ဆန္ဒဇော နောက်လိုက်ပြီး လမ်းမှားဖို့ကများတတ်ပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်အမှားဟာ သူကိုယ်တိုင်ရဲ့ဘဝနဲ့ အနီးပတ်ဝန်းကျင်က လူအနည်းငယ်ကိုသာ ထိခိုက်နစ်နာစေနိုင်တာဖြစ်ပေမယ့် နိုင်ငံရေးအဖွဲ့အစည်း အင်အားစုတစ်ခုရဲ့ မှားယွင်းတဲ့ရွေးချယ်မှုကတော့ နိုင်ငံနဲ့ချီပြီး ထိခိုက်သွားစေနိုင်ပါတယ်။ ၁၉၄၈ ခုနှစ်က မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို ရွှေရည်စိမ်လွတ်လပ်ရေး အတုကြီးပါလို့ ကောက်ချက်လွဲပြီး လက်ဝဲညီညွတ်ရေး ကြိုးပမ်းဖျန်ဖြေမှုတွေအားလုံးကို လျစ်လျူရှုကာ လက်နက်ကိုင် ဆူပူမှုလမ်းစဉ်ကို ရွေးချယ်သွားခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဆုံးဖြတ်ချက်အမှားကြောင့် နှစ်ပေါင်းများစွာ ပြည်သူတွေ ဘယ်လောက်ဒုက္ခရောက်ခဲ့ကြပါသလဲ။ ပြန်ကြည့်သင့်တဲ့ သာဓကတစ်ခုပါ။

အခုလည်း **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာနိုင်ငံက မဲပေးနိုင်ခွင့်ရှိတဲ့ ပြည်သူအားလုံးရဲ့ (၉၂.၄၈ ရာခိုင်နှုန်း)* **ကထောက်ခံအတည်ပြုခဲ့ပြီးပြီမို့ ဒီအခြေခံဥပဒေကိုအခြေပြုပြီး ဒီမိုကရေစီပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရဲ့ ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို ပြည်သူတွေက လက်ခံအတည်ပြုလိုက်တဲ့ သဘောပါပဲ။ တစ်နည်းပြောရရင်တော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွန်းရေးလမ်းကြောင်းကို ပြည်သူတွေ က ခင်းပေးလိုက်တာပါ။**

ဒီကနေ့အထိ နိုင်ငံတော်အစိုးရနဲ့ သဘောထားကွဲလွဲဆန့်ကျင်နေတဲ့ NLD အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေးအသင်းအဖွဲ့ လှုပ်ရှားမှု အုပ်စုတွေအနေနဲ့ ဒီနေရာမှာ ရွေးချယ်စရာ လမ်းဆုံ၊ လမ်းခွဲတစ်ခုကို ကြုံနေရပါပြီ။ အဲဒါကတော့ ပြည်သူတွေခင်းပေးလာတဲ့ ဒီမိုကရေစီလမ်းကြောင်းကိုပဲ လျှောက်မလား၊ ဖြတ်လမ်းက ကိုယ်အာဏာရရေးအတွက် မျက်စိစုံမှိတ်ပြီး ကျောခိုင်းဆန့်ကျင်နေမလားဆိုတာပါပဲ။

အခုအချိန်အထိ ကျွန်တော်တို့မြင်နေကြရတာကတော့ ဒီနိုင်ငံရေးအုပ်စုတွေအနေနဲ့ တပ်မတော်အစိုးရကို ပြိုင်ဘက်တစ်ဦးသဖွယ် သဘောထားပြီး သူဖြုတ်ရင်ငါမည်းမယ်ဆိုတဲ့စိတ်နဲ့ "အာဃာတနိုင်ငံရေး" ကို ကျင့်သုံးနေတာပါပဲ။

လောကမှာ ဘုရား၊ ရဟန္တာလို အရိယာပုဂ္ဂိုလ်မျိုးတွေကလွဲပြီးတော့ ဘယ်သူမှ အပြစ်အနာအဆာမကင်း၊ အမှားအယွင်းမလွတ်နိုင်ကြပါဘူး။ ဒါပေမယ့်ဆိုးတာရှိသလို ကောင်းတာတွေလည်းရှိကြတာပါပဲ အာဃာတရှေ့ထားပြီး မျက်မှန်ဝါတပ်ပြီးတော့ချည်းပဲ ကြည့်နေရင်တော့ မြက်ခင်းစိမ်းစိမ်းတွေကိုလည်း ကောက်ရိုးမြက်ခြောက်တွေလို့ပဲ မြင်နေမှာပါ။

ဒီနေရာမှာ ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်စေချင်တာ တစ်ခုက ဒီလိုအာဃာတတွေနဲ့ ပြည်သူတွေခင်းပေးတဲ့လမ်းကြောင်းကို ကျောခိုင်းဆန့်ကျင်နေဦးမယ်ဆိုရင် မိမိအကျိုးစီးပွား၊ အများပြည်သူတွေရဲ့အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့အကျိုးစီးပွားတွေကို ဖော်ဆောင်နိုင်ပါ့မလားဆိုတာပါပဲ။

မိမိအကျိုးစီးပွားဆိုတာက မိမိပါတီ အင်အားစုအာဏာရရှိရေးဆိုတဲ့ အဓိကရည်မှန်းချက်ပေါ့။ အခြေခံဥပဒေအရ ကျင်းပပေးမယ့် ပါတီစုံရွေးကောက်ပွဲကိုကျောခိုင်းဆန့်ကျင်ပြီး ဆူပူအုံကြွမှုတွေနဲ့ဖြတ်လမ်းက အာဏာရယူဖို့ဆိုတာမဖြစ်နိုင်မှန်း ဒီလောက်ဆိုရင် သဘောပေါက်ဖို့ကောင်းပါပြီ။ လက်တွေ့မကျ-ပြန်မရနိုင်တော့တဲ့ အတိတ်ကို ဖက်တွယ်ပြီး မဖြစ်နိုင်တာကို တောင်းဆိုနေတာဟာလည်း နှစ်ကျပ်တန် ထီလက်မှတ်အဟောင်းကြီးနဲ့ သိန်းငါးရာ မင်္ဂလာစုံတွဲ ထီပေါက်စဉ်မှာ ပေါက်လိုပေါက်ငြား လာတိုက်ကြည့်သလို ဖြစ်နေပါလိမ့်မယ်။

ကိုယ်လုပ်ချင်တာ၊ ကိုယ်လိုချင်တာတွေ တကယ်ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ရဲ့ပကတိ ဘဝအခြေအနေမှန်နဲ့ ပြန်ကြည့်ပြီး လက်တွေ့ကျတဲ့ အဖြေကိုရှာနိုင်မှသာ အကျိုးအရှိဆုံးရလဒ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အခု ကျင်းပပြီးစီးခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဟာ ပြည်သူ တွေအနေနဲ့ ဘယ်သူ့ကိုလိုလားသလဲ၊ ဘာကိုလိုလားသလဲ ဆိုတာ ရှင်းရှင်းကြီး အဖြေပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့က အေးအေးချမ်းချမ်းနဲ့ မြန်မြန်ဆန်ဆန် ဒီမိုကရေစီရတာကို လိုလားကြပါတယ်။ ဆူဆူပူပူနဲ့ ဘယ်တော့မှ ဒီမိုကရေစီရမှန်းမသိနိုင်တဲ့ လမ်းကြောင်းမျိုးကို မလိုလားကြပါဘူး။

ပြည်သူတစ်ဦးအနေနဲ့ မေးကြည့်ပါရစေ။ အခု အခြေခံဥပဒေက ပြီးပြည့်စုံတဲ့ ဒီမိုကရေစီမဟုတ်လို့ ဆန့်ကျင်ရမယ်၊ ပယ်ချရမယ်ဆိုရင် အဲဒီပြီးပြည့်စုံတဲ့ ဒီမိုကရေစီရအောင် ဘယ်သူတွေက ဘယ်လိုလုပ်ပေးကြမှာလဲ၊ ဘယ်တော့လောက်မှာများ အဲဒီ ဒီမိုကရေစီရနိုင်မှာလဲ။ နိုင်ငံခြားရေဒီယိုတွေမှာ ပြည်တွင်း ပြည်ပက နိုင်ငံရေးလေ့လာသူတို့၊ နိုင်ငံရေးလှုပ်ရှားသူတို့၊ ဒီမိုကရေစီအင်အားစုတို့၊ ပါတီပြောရေးဆိုခွင့်ရှိသူတို့ စတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆွေးနွေးခန်းတွေကို ကျွန်တော် အများကြီး နားထောင်ခဲ့ဖူးပါပြီ။ ဘယ်သူမှ ဒီအဖြေကို ရှင်းရှင်းလင်းလင်း တိတိကျကျ မပေးနိုင်ကြပါဘူး။ ပြည်တွင်းက နိုင်ငံရေးသမားတွေက ပြည်ပကို ပုတ်ထုတ်တယ်၊ ပြည်ပက နိုင်ငံရေးသမားတွေက ပြည်တွင်းကို လွှဲချတယ်။ နောက်ဆုံးတော့ 'ပြည်သူတွေကိုယ်တိုင် လုပ်မှရမယ်' ဆိုပြီး လူထုကိုပုံချတော့တာပဲ။ ကျွန်တော်တို့ ပြည်သူတွေကတော့ အကြိမ်ကြိမ်ရှိသွားပြီမို့ အသိပညာတွေလည်း ပြည့်သွားကြပါပြီ။ အေးအေးဆေးဆေး လွယ်လွယ်ကူကူနဲ့ နောက်နှစ်နှစ်လောက်ကြာရင် ဒီမိုကရေစီရတော့မှာမို့ ဘယ်သူမှ ပန်းခင်းတဲ့လမ်းကိုခွာပြီး ခယောင်းလမ်းမှာ မျက်စိလည်မနေချင်ကြတော့ပါဘူး။

ဒါကိုသိလျက်နဲ့ **ပြည်သူတွေရဲ့ဆန္ဒကို မျက်ကွယ်ပြုပြီး တရားသေမျက်ကန်းဝါဒကို ဆက်လက်ဆုပ်ကိုင်နေဦးမယ်ဆိုရင် ဘီလုံးငှက်မကမျက်လုံးထိုးဖောက်လို့ မျက်လုံးကန်းသွားရတဲ့ ဆင်ကန်းကြီးလို ဖားသံကြားရာမှာ ရေကိုရှာရင်း ချောက်ထဲကျသေရတဲ့ ဥပမာအတိုင်းပဲ၊ ဒီမိုကရေစီနဲ့လည်းဝေး၊ ပြည်သူနဲ့လည်းကင်းကွာပြီး နိုင်ငံရေးဇာတ်သိမ်းရဖို့သာရှိပါလိမ့်မယ်။**

ဒီလိုဝါဒမျိုးဟာ ပြည်သူ့အကျိုးစီးပွားကို ဘာတွေများ ဖြည့်စွမ်းပေးနိုင်ပါသလဲ။ အခုအချိန်အထိတော့ ပြည်သူတွေကို ကြောက်အောင်၊ လန့်အောင် ပုံးခွဲ၊ ဆူပူ ကောလာဟလတွေလွှင့်၊ ကုန်ဈေးနှုန်းတက်အောင်၊ အလုပ်အကိုင်ပျက်အောင် လုပ်ခဲ့ကြတာကလွဲရင် ဘာတစ်ခုမှ ကောင်းအောင်လုပ်တာ မတွေ့မိပါဘူး။ တိုင်းပြည်အကျိုးအတွက်ဆိုရင်လည်း နဂိုကမှ မချမ်းသာသေးတဲ့နိုင်ငံကို ပြာပုံထဲတွန်းချဖို့ ပိတ်ဆို့မှုတွေလုပ်တာကို အားပေးအားမြှောက်လုပ်တာမျိုးပဲ တွေ့မိပါတယ်။

ကိုယ်လုပ်ချင်တာ၊ ကိုယ်လိုချင်တာတွေ တကယ်ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ရဲ့ပကတိ ဘဝအခြေအနေမှန်နဲ့ ပြန်ကြည့်ပြီး လက်တွေ့ကျတဲ့ အဖြေကိုရှာနိုင်မှသာ အကျိုးအရှိဆုံးရလဒ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အခု ကျင်းပပြီးစီးခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဟာ ပြည်သူတွေအနေနဲ့ ဘယ်သူ့ကိုလိုလားသလဲ၊ ဘာကိုလိုလားသလဲ ဆိုတာ ရှင်းရှင်းကြီး အဖြေပေးခဲ့ပြီးဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့က အေးအေးချမ်းချမ်းနဲ့ မြန်မြန်ဆန်ဆန် ဒီမိုကရေစီရတာကို လိုလားကြပါတယ်။ ဆူဆူပူပူနဲ့ ဘယ်တော့မှ ဒီမိုကရေစီရမှန်းမသိနိုင်တဲ့ လမ်းကြောင်းမျိုးကို မလိုလားကြပါဘူး။

ကဲ-အခု ဒီလမ်းကြောင်းကိုပဲ ဆက်သွားနေကြဦးမှာလား။ ဒီလိုဆက်သွားလို့ရော ဘယ်လောက်ကြာမှ မိတ်ဆွေတို့လိုချင်တယ်ဆိုတဲ့ ဒီမိုကရေစီ ရွှေပြည်ကြီးကို ရောက်နိုင်မှာလဲ။ ရောက်ကော ရောက်နိုင်ပါ့မလား။ အဲဒီလို ဆက်လုပ်ကြရင် ဒီမိုကရေစီရွှေပြည်ကြီးကို ရောက်ဖို့မသေချာပေမယ့် အခု အိုးရတ်မှာဖြစ်နေသလို ဖွတ်ဖွတ်ညက်ညက် ကြေမှာကတော့ သေချာပါတယ်။

တကယ်တော့ ဒီမိုကရေစီဆိုတာ ရွေးကောက်တင်မြှောက်တဲ့ လုပ်ငန်းစဉ် တစ်ခုတည်းနဲ့ တိုင်းတာ မှတ်ကျောက်တင်လို့ ရတာမျိုး မဟုတ်ပါဘူး။ အဲဒါထက် အများကြီးပိုတဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံပါဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ဖြစ်ထွန်းမှုတစ်ခုပါ။ ဒါကြောင့် သစ်ပင်တစ်ပင် ရှင်သန်ဖွံ့ဖြိုးဖို့ရာ မျိုးစေ့၊ မြေဩဇာ၊ ရေနဲ့ နေရောင်ခြည် စတာတွေ လိုအပ်သလို ဒီမိုကရေစီ ဖွံ့ဖြိုးဖို့ဆိုတာ တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ရေခံမြေခံကောင်းတွေ အများကြီးလိုအပ်ပါတယ်။

ရုပ်ပိုင်းဆိုင်ရာမှာ တိုင်းပြည်ရဲ့ နေဥစ္စာကြွယ်ဝမှု၊ ပြည်သူလူထုရဲ့ လူမှုစီးပွားရေး ညီညီမျှမျှ တိုးတက်မှု၊ စီးပွားရေး အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်းတံတား၊ စွမ်းအင်၊ ဆက်သွယ်ရေး စတာတွေ၊ လူမှုရေး အခြေခံအဆောက်အအုံဖြစ်တဲ့ ကျောင်း၊ ဆေးရုံ စတာတွေ အများကြီး လိုအပ်သလို စိတ်ပိုင်းဆိုင်ရာမှာလည်း ပြည်သူလူထုရဲ့ နိုင်ငံရေး အသိအမြင် ကျယ်ပြန့်မှု၊ နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးရင့်ကျက်မှု၊ စိတ်ထားပြည့်ဝမှု၊ မိမိအကျိုးထက် နိုင်ငံအကျိုးကို ဦးထိပ်ထားမှု၊ အများစု သဘောထားကို လေးစားလိုက်နာပြီး အနည်းစုရဲ့ ခံစားချက်ကိုလည်း ပစ်ပယ်မထားတဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရ၊ အာဏာရနဲ့ အတိုက်အခံအကြား အပြန်အလှန်လေးစားမှု၊ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းစာနဲ့ မဲဆန္ဒရှင် ပြည်သူလူထုရဲ့ သဘောထားအမြင်တွေကို အလေးဂရုပြုမှု စတဲ့ နိုင်ငံရေး ယဉ်ကျေးမှုတွေကိုလည်း ရှင်သန်ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် 'ဥုံဖွ' လို့ မန်းမှုတ်လိုက်ရုံနဲ့ ဒီမိုကရေစီဆိုတာ တစ်မုဟုတ်ချင်း ပြီးပြည့်စုံစွာ ဘွားခနဲပေါ်လာနိုင်တဲ့ကိစ္စမျိုး မဟုတ်ပါဘူး။ တစ်ဆင့်ပြီးတစ်ဆင့် ပြုစုပျိုးထောင်ယူမှရတဲ့ ဖြစ်စဉ်မျိုးဖြစ်ပါတယ်။

ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေ၊ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ၊ ပိတ်ဆို့မှုတွေ၊ တိုင်းပြည်ကို ဖြုံခါပြာခါကျအောင် လုပ်ဆောင်မှုတွေနဲ့ ဒီမို ကရေစီလူ့ဘောင်တစ်ခုကို ထူထောင်လို့ ဘယ်လိုမှမရနိုင်ပါဘူး။ အဲဒီ နည်းလမ်းဟာ မင်းမဲ့တိုင်းပြည်ဘဝကိုသာ တွန်းပို့သွားမှာဖြစ်ပါတယ်။

စိတ်ပိုင်းဆိုင်ရာမှာလည်း အမုန်းတရားတွေ၊ ဒေါသ၊ အာဃာတတွေ၊ မနာလိုဝန်တိုမှု ဣဿာ၊ မစ္ဆရိယတွေ၊ မောက်မာထောင်လွှားမှုတွေ၊ ဘဝင်မြင့်မှုတွေ၊ တစ်ဦးကိုတစ်ဦး ပျက်စီးစေလိုမှုတွေနဲ့ ဒီမိုကရေစီ အခွင့်အရေးတွေကို ပေါင်းစပ်လိုက်ရင် ဟာနုမာန်မျောက်ကြီးရဲ့ အမြီးမှာ မီးတုတ်ချည်ပေးလိုက်သလို ဖြစ်သွားမှာပါ။ တကယ်တော့ ဒီမိုကရေစီအစစ်ဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေနဲ့ ယှဉ်တွဲပြီးတော့မှ ဖွံ့ဖြိုးနိုင်တာမျိုးဖြစ်ပါတယ်။ အာဏာရ အဖွဲ့အစည်းက အတိုက်အခံအပေါ် မေတ္တာပွား၊ အတိုက်အခံက အာဏာရအပေါ် မုဒိတာပွားပြီး နိုင်ငံရေးခေါင်းဆောင်အားလုံးက ပြည်သူလူထုကို မဲရရုံသာ သဘောထား လိမ်ညာလှည့်ဖြားမှုမျိုးမပြုဘဲ အမှန်တကယ် ကရုဏာထား အကျိုးဆောင်နိုင်မှ ဒီမိုကရေစီက အောင်မြင်မှာဖြစ်ပါတယ်။

ဒီကနေ့ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေ၊ ပြည်သူတွေအကြား ဖွံ့ဖြိုးမှု မညီမျှတဲ့နိုင်ငံတွေ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးပေမယ့် စိတ်ပိုင်းဆိုင်ရာ မပြည့်ဝ မရင့်ကျက်သေးတဲ့နိုင်ငံတွေမှာ ဒီမိုကရေစီစနစ်ကျင့်သုံးပေမယ့် နိုင်ငံရေး အကျပ်အတည်းတွေဖြစ်နေရတာ၊ မတည်မငြိမ်ဖြစ်နေရတာတွေဟာ မမြင်ချင့်အဆုံးပါဘဲ။

ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းမှာလည်း "ပန်းထိမ်မတတ်ခင် - ရွှေခိုးသင်" ခဲ့ကြလို့ ၁၉၄၈-၆၂ ပါတီစုံ ဒီမိုကရေစီကာလတစ်လျှောက်မှာ ဘယ်လောက်အထိ ပြည်သူတွေ ထိခိုက်ခံစားခဲ့ကြရပြီးပြီလဲ။ ပြည်တွင်းသောင်းကျန်းမှုကြောင့် အသက်ကိုဖက်နဲ့ထုပ်ထားရတဲ့အထဲမှာ နိုင်ငံရေးသမားတွေရဲ့ ခါးပိုက်ဆောင်လက်နက်ကိုင်အဖွဲ့တွေကြောင့် နိုင်ငံရေး လူသတ်မှုတွေ၊ ဆရာအားကိုးနဲ့ ဓားပြတိုက်ပြန်ပေးဆွဲမှုတွေ၊ တိုင်းပြည် မလုံခြုံမအေးချမ်းလို့ ဖွံ့ဖြိုးအောင်မလုပ်နိုင်၊ မဖွံ့ဖြိုးလို့ သောင်းကျန်းမှု သက်ဆိုးရှည်ပြီး အဆိုးသံသရာလည်ခဲ့တာတွေ၊ အာဏာရနဲ့ အတိုက်အခံကြားမှာ ဒီမိုကရေစီနည်းနဲ့မဖြေရှင်းဘဲ လက်နက်အစုံအညီနဲ့ ဖြေရှင်းဖို့ကြိုးစားခဲ့လို့ တိုင်းပြည်ပြိုကွဲလုနီးဖြစ်ခဲ့ရတာတွေဟာ ပြန်လှည့်ကြည့်ပြီး သင်ခန်းစာယူကြရမယ့် တကယ့်ဖြစ်ရပ်မှန်သမိုင်းကြောင်းတွေပါ။

အဲဒီတော့ ဒီမိုကရေစီဆိုတာကောင်းပါတယ်။ သို့ပေမယ့် 'ဖွတ်ဥကောင်းသော်လည်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) လေဘေးရန်ပုံငွေ ပန်းချီကားများရောင်းချပွဲ

သတင်းဆောင်းပါး
တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုဇင်ကိုကို

ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန်

တစ်ပြည်လုံးအတိုင်းအတာနဲ့ များများလှူချင်လို့ပါ။
ဦးသန့်စင်(လှတင်ထွန်း)
ဒုတိယဥက္ကဋ္ဌ
ရိုးရာပန်းပညာရှင်များအစည်းအရုံး

ရန်ပုံငွေ အထူးပန်းချီပြပွဲကြီးနှင့် လေလံစနစ် ဖြင့် ရောင်းချပွဲကို ဇွန် ၁၇ ရက်မှစတင်၍ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး (အရှေ့ဘက်တန်း) ရှိ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ပန်းချီ၊ ပန်းပု အရောင်းပြခန်း၌ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ယခင် ပန်းချီပြပွဲများနှင့်မတူ ထူးခြားချက်များ များစွာရှိနေကြောင်း သတင်းကောင်းများ ကြားသိနေရသည်။ ခန်းမကြီးသို့ ဝင်လိုက်သည်နှင့် ပြသနိုင်ရန်အတွက် အစည်းအရုံး ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးသန့်စင် (ပန်းချီလှတင်ထွန်း)၊ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ ပြပွဲတာဝန်ခံ အစည်းအရုံး အတွင်းရေးမှူး ဦးကြည်ဝင်း (Today) တို့၏ ကြီးကြပ်မှုဖြင့် ရုံးအဖွဲ့မှူး ပန်းချီတင့်နိုင်နှင့် လူငယ်ပန်းချီဆရာများက အရောင်အသွေးစုံ၊ အရွယ်စုံ၊ လက်ရာစုံ ပန်းချီကားများကို တက်ညီလက်ညီ ချိတ်ဆွဲနေသည်ကို စတင်တွေ့မြင်ခဲ့ရသည်။

ပြပွဲတွင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပန်းချီဆရာများ၏ စေတနာတရား၊ သဒ္ဓါတရား အပြည့်ဖြင့် ရေးဆွဲပေးလှူထားသော ပန်းချီကားပေါင်း ၁၄၅ ကား ရှိကြောင်း သိရသည်။ နာမည်ကြီး ပန်းချီဆရာကြီးများနှင့် ယနေ့နာမည်ရ လူငယ်ပန်းချီဆရာများ၏ ရေဆေး၊ အခရိုင်းလစ်၊ ဆီဆေးများဖြင့် ရသမြောက်စွာ ရေးဆွဲထားသည်ကို မြင်တွေ့ရသည်။

ပြပွဲတာဝန်ခံအစည်းအရုံး အတွင်းရေးမှူး ဦးကြည်ဝင်း (Today) နှင့် တွေ့ဆုံမေးမြန်းရာတွင် "ကျွန်တော်တို့အစည်းအရုံးအနေနဲ့ လေဘေးသင့်ပြည်သူတွေကို လှူဖို့၊ ကူညီဖို့အတွက် ဒီပွဲကို ကျင်းပရတာပါ။ ဒီပွဲက ရောင်းရငွေကို ဘာအတွက်မှမချန်ဘဲ အကုန်လှူမှာပါ။ ပန်းချီဆရာတွေ အနေနဲ့လည်း ဒီပွဲမှာ အနိမ့်ဆုံးဈေးအထိချပေးထားကြပါတယ်။ များများရောင်းရတော့ များများလှူရတာပေါ့ဗျာ"ဟု စေတနာသဒ္ဓါတရားအပြည့်ဖြင့် ရှင်းပြခဲ့သည်။

ဒုတိယဥက္ကဋ္ဌ ဦးသန့်စင် (ပန်းချီလှတင်ထွန်း)က ဖြည့်စွက်ပြောကြားရာတွင် "အစည်းအရုံးအနေနဲ့ လေဘေးသင့်ပန်းချီဆရာများရှိရာ ဒေသများသို့လည်း အဖွဲ့လိုက် သွားရောက်

အစည်းအရုံးအနေနဲ့ လေဘေးသင့်ပြည်သူတွေကို လှူဖို့၊ ကူဖို့အတွက်ဒီပွဲလေး ကျင်းပတာပါ။ ဦးကြည်ဝင်း (အတွင်းရေးမှူး) ပြပွဲတာဝန်ခံ

အားပေးပြီး ဆန်နှင့် လိုအပ်တဲ့ပစ္စည်းတွေလည်း လှူခဲ့ပြီးပါပြီ။ အခုကတော့ တစ်ပြည်လုံးအတိုင်းအတာ အနေနဲ့ များများလှူချင်လို့ပါ"ဟု ရှင်းပြခဲ့သည့်အတွက် အစည်းအရုံး၏ စာနာမှု အကြင်နာစကားကို ကြားခဲ့ရသည်။

သတင်းအဖွဲ့ ရောက်ရှိနေစဉ်ပင် ရန်ကုန်သို့ ခေတ္တရောက်ရှိနေသော မန္တလေးမြို့ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ အလုပ်အမှုဆောင် ဦးအောင်မြင့်ထွန်းက ပန်းချီကား တစ်ကားဝယ်နေသည်ကို တွေ့လိုက်ရသည့်အတွက် ကြေးမုံသတင်းအဖွဲ့က မေးကြည့်ရာ-

"ကျွန်တော်ပန်းချီကို ချစ်တာလည်း အကြောင်းခံပါပါတယ်။ အခုလိုပွဲမျိုးမှာဝယ်ဖြစ်တော့ ကုသိုလ်လည်းရတဲ့ အပြင် ကိုယ်တတ်နိုင်တဲ့အားနဲ့ လှူဖြစ်သွားတဲ့အတွက် ဝမ်းသာမိပါတယ်" ဟု အပြုံးမျက်နှာနှင့် ဆိုခဲ့ပြန်ပါသည်။

ကိုယ်တိုင်လည်း ပန်းချီကားလှူလုပ်အားလည်းပေးနေသော လူငယ်ပန်းချီဆရာ ကျော်သီဟက "ကျွန်တော်ရဲ့ **ပွင့်သောပန်းတိုင်းမွှေးစေချင်** ပန်းချီကားလေး မနေ့ထဲက အကြိုရောင်းလိုက်ရပါတယ်။ ပျော်တယ်ဗျာ၊ ဒုက္ခရောက်နေတဲ့ကျွန်တော်တို့ ညီအစ်ကိုအမိအဖတွေကို လှူချင်နေတာ၊ အခုကိုယ်ရေးဆွဲထားတဲ့ ပန်းချီကားကနေ ငွေသိန်းချီရလိုက်လို့ လှူလိုက်ရတဲ့အတွက် အရမ်းပျော်တာပဲ"ဟု ကြားလိုက်ရသည့်အတွက် စိတ်ထဲမှအလိုလို သာဓုခေါ်မိတော့သည်။ ပြပွဲအကြိုကာလမှာပင် ပန်းချီကားသုံးကား ရောင်းချရကြောင်းလည်း ထပ်သိခွင့်ရခဲ့သည်။

မုန်တိုင်းအပြီး လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နေသော "တံငါသည်" အမည်ရှိ ပန်းချီဆရာဝင်းခိုင်၏ ပန်းချီကား။

မြန်မာနိုင်ငံ ရိုးရာပညာရှင်များ အစည်းအရုံး (ဗဟို)၏ လေဘေးသင့် ပြည်သူများအလှူအတွက် ဆောင်ရွက်မှုသည်ကား လေးစားအသိအမှတ်ပြုအပ်ပေသည်။ ပန်းချီကားကိုရေးရန် စုတ်တံ စတင်ကိုင်လိုက်စဉ် ကတည်းကပင် သည် ပန်းချီကားရောင်းရငွေသည် လေဘေးသင့် ပြည်သူများအတွက် ဟူသော စိတ်သန္တာန်တွင်နှစ်၍ ပညာ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားတို့ဖြင့် ပေါင်းစပ် ရေးဆွဲထားခြင်းကြောင့် ချိတ်ဆွဲထားသော ပန်းချီကားအားလုံးသည် သန့်ရှင်း ဖျစင်သော မေတ္တာဆေးရောင်များ ရောင်ပြန်ဟပ်နေပေသည်။

သို့ပါ၍ ပန်းချီကိုချစ်သော၊ ပန်းချီကိုမြတ်နိုးသော၊ ပန်းချီကို တန်ဖိုးထားသောသူများသာ မဟုတ်မူဘဲ ထူးခြားသောအလှူဒါနဖြင့် ပန်းချီကားများအား တစ်ပိုင်တစ်နိုင် ဝယ်ယူလှူဒါန်းနိုင်ရေး နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

✡ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

သူချည်းဘဲမရ ဆားနှင့်မှ' ဆိုတာလို ဒီမိုကရေစီဖြစ်ပြီဆိုတာနဲ့ တိုင်းပြည်ကြီးက မိုးပေါ်ကကျလာသလို နတ်ဘုံနတ်နန်းဖြစ်ပြီး ပြဿနာအားလုံးက ပြေလည်သွားမှာမဟုတ်ဘူးဆိုတာ ခေါင်းအေးအေးထားပြီး စဉ်းစားကြစေချင်ပါတယ်။

ကျွန်တော်တို့အားလုံး ချစ်ခင်မြတ်နိုးတဲ့ အမိမြန်မာပြည်ကြီး တိုးတက်ဖွံ့ဖြိုးဖို့၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ လုပ်စရာတွေ အများကြီး ကျန်ပါသေးတယ်။ သူများတကာ တစ်လှမ်းလှမ်းတဲ့အချိန်မှာ ကိုယ်က အလှမ်းလေးငါးဆယ်ရောက်အောင် အပြေးလိုက်ရမယ့်အချိန်ပါ။ ဒီအချိန်မှာ ခြေလှမ်းအတူတူ ညီညီညွတ်ညွတ်မပြေးဘဲ ကိုယ်တစ်ယောက်တည်း ရှေ့ကရောက်ဖို့ တစ်ယောက်နဲ့တစ်ယောက် ခြေထိုးခံနေကြမယ်ဆိုရင် ရှေ့ကသွားနေတဲ့ နိုင်ငံတွေနဲ့ ဝေးသည်ထက်ဝေးသွားပါလိမ့်မယ်။

မိတ်ဆွေများ အခုရောက်နေတဲ့ လမ်းဆုံ၊ လမ်းခွဲမှာ ခေါင်းအေးအေးထားပြီး စဉ်းစားကြစေလိုပါတယ်။ တစ်ဖက်သတ်ဆန္ဒစွဲနဲ့ မျက်စိစုံမှိတ်ပြီး ဇွတ်တိုးဆုံးဖြတ်ရင် မှားတတ်ပါတယ်။ ပြည်သူတွေ ခင်းပေးထားတဲ့လမ်းမှာ ပြည်သူတွေ ကမ်းပေးထားတဲ့ လက်ကိုတွဲပြီး အေးချမ်းသာယာတဲ့ ဒီမိုကရေစီနိုင်ငံသစ်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အတူကြိုးပမ်းဆောင်ရွက်သွားကြမလား။ ဆုံးခန်းမမြင်တဲ့ ခယောင်းလမ်းမှာ ဆင်ကန်းတောတိုး အကျိုးမဲ့စွာ ဆက်ပြီးလျှောက်နေကြဦးမှာလား။ အဆုံးအဖြတ်မမှားကြဖို့ လိုနေပါပြီ။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေး တေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၀။ အမျိုးသားရေး တေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၀	၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - အဆိပ်သင့်နှုတ်ခမ်း**
၁:၅၀	၆။ အမျိုးသားရေး တေးကဗျာ
၁:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၁၅	၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၂၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀	၆။ အမျိုးသားရေး တေးကဗျာ
၄:၃၅	၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၅၀	၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၉။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ အမျိုးသားရေး တေးကဗျာ
၆:၃၅	၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ပျော်ရွှင်ပါစေ (အပိုင်း-၁၆)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေး တေးကဗျာ
	၁၉။ ပဟေဠိနန်းတော်
	၂၀။ ကျန်းမာသုတ
	၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း-၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ပေါက်တောကျေးရွာ ပရဟိတကျောင်း ပညာဒါနပေးမည်

ရန်ကုန် ဇွန် ၂၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာ ပရဟိတ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်းတွင်အကြောင်းအမျိုးမျိုးကြောင့်(၁၀)တန်းပညာသင်ကြားရေး အခက်အခဲရှိနေကြသော ပြင်ပမှဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျ သင်ကြားဖြေဆိုနိုင်စေရန် တက္ကသိုလ်မှ အငြိမ်းစားဆရာ၊ ဆရာမများဖြင့် ပညာဒါန(အခမဲ့) သင်ကြားပေးသွားမည်ဖြစ်သည်။ သင်ကြားလိုသည့် ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေး ကောင်းမွန်ကာ ပညာလိုလားသူဖြစ်ပြီး ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လိုက်နာနိုင်သူများအနေဖြင့် ကျောင်းသို့ဖြစ်စေ ဖုန်း-၀၅၇-၆၄၃၄၃၊ ၀၅၇-၆၄၃၅၆ သို့ဖြစ်စေ ဆက်သွယ်အပ်နှံနိုင်ကြကြောင်း သိရသည်။ (က-ပ)

ကြည့်မြင်တိုင်မြို့နယ် သာဓုလမ်းနေ ဦးချစ်လှိုင်-ဒေါ်အေးမြင့် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ ရွှေတောင်ကြားလမ်း ဗဟန်းမြို့နယ်နေ ဖခင် ဦးအောင်ကြီးအားရည်စူး၍ သားသမီး မြေးတစ်စုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

✻ ရှေ့ဖုံးမှ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ပြန်လည်ထူထောင်တည်ဆောက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် ဘိုကလေးမြို့မှ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ လှိုင်းဘုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား ပြန်လည်ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီကျောင်းဆောင်ဆောက်လုပ်ထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှိုင်းဘုန်းကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လာရောက်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကရင်

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် ငွေဆင်ကုမ္ပဏီကတာဝန်ယူတည်ဆောက်လျက်ရှိသည့် လူနေအိမ်များကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏စီစဉ်မှုဖြင့် ငါးဖမ်းလှေ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ယာယီကျောင်းဆောင် ဆောက်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ဆောက်လုပ်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





✻ ရှေ့ဖုံးမှ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ပြန်လည်ထူထောင်တည်ဆောက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် ဘိုကလေးမြို့မှ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ လှိုင်းဘုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား ပြန်လည်ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီကျောင်းဆောင်

ဆောက်လုပ်ထားမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှိုင်းဘုန်းကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လာရောက်ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အသင်းဝင်များ၊ လှိုင်းဘုန်းကျေးရွာမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် စေတနာရှင် ဆေးဝါးစောင့်ရှောက်ရေး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှိုင်းဘုန်းကျေးရွာမှ ပြည်သူများအား တွေ့ဆုံ၍ လေမုန်တိုင်းဒဏ် ခံခဲ့ရသည့် ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဖြည့်ဆည်းစီမံပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘုန်းကျေးရွာအတွက်ရောက်ရှိနေသည့် လက်တွန်းထွန်စက်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးချုပ်က ရာသီအမီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးကြပ် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် လှိုင်းဘုန်းကျေးရွာအတွက် ရေလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးများ၊ အစားအစာများနှင့် ကျောင်းဝတ်စုံများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာမှ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ဆောက်လုပ်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးကြရာသစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကြိမ်ချောင်းကြီးကျေးရွာမှ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လေဘေးသင့်ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ယခင်မူလအနေအထားထက် တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်က စေတနာအပြည့်ဖြင့် စီမံပေးနေမှုများ၊ နိုင်ငံတော်၏ အားပေးပျိုးထောင်ပေးမှုများအပေါ် အခြေခံ၍ မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ခိုင်မာတောင့်တင်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလုပ်ကို ကြိုးကြိုးစားစား အားထည့်လုပ်ရန် လိုအပ်ပုံများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်သားများ၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ကြိမ်ချောင်းကြီးကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ စုပေါင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းအုပ်ကြီး ဦးဝင်းနိုင်နှင့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများကို ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီးကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် တစ်ဦးက ကြိမ်ချောင်းကြီးကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ပြည်တွင်း ပြည်ပမှ အလှူရှင်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် Internet မှတစ်ဆင့် သတင်းတင်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီးကျေးရွာတွင် လူနေအိမ်များ ဆောက်လုပ်ရန် လျာထားသည့် ဇယားကားချပ်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီး ကျေးရွာအတွက် ရေလုပ်ငန်းသုံးပစ္စည်းများကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ကြိမ်ချောင်းကြီးကျေးရွာမှဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိကြပြီး ငွေဆင်ကုမ္ပဏီကတာဝန်ယူတည်ဆောက်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပြင်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှု၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောမြင့်ထံ စာရေးကိရိယာများကို ပေးအပ်ကာ ကျောင်းသား၊ကျောင်းသူများအား စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောင်းအုပ်ဆရာမကြီးထံ ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော စာရေးကိရိယာများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဈေးဆိုင်များဖွင့်လှစ်ပြီး ပုံမှန်ရောင်းဝယ်နေမှု အနေအထားကို လှည့်လည်ကြည့်ရှုကြပြီး ပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်ကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အများသုံး တယ်လီဖုန်းဖြင့် ပြည်သူများ ဆက်သွယ်ပြောဆိုနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် စက်ဆန်းကျေးရွာအတွက် ရေလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် ပံ့ပိုးပစ္စည်းများကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်ပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာမှ ရန်ကုန်မြို့သို့ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် ၁၆ ပေ × ပေ ၂၀ အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အခိုင်အမာ နေအိမ်များကို နိုင်ငံတော်၏ ထောက်ပံ့စီမံမှုဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက တာဝန်ယူ ဆောက်လုပ်ပေးလျက်ရှိရာ ထူးထရေးဒင်းကုမ္ပဏီက ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး ကျေးရွာ၌လည်းကောင်း၊ ငွေဆင်ကုမ္ပဏီက ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ လည်းကောင်း စတင်ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ယာယီကျောင်းဆောင် ဆောက်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာမှ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ငွေနှင့် ပစ္စည်းများ ဆက်လက်ပေးပို့ လှူဒါန်း

နေပြည်တော် ဇွန် ၂၁

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိကြရာ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေ ၄၇၂၉၀၂၅ ကျပ်တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အဝတ်အထည်မျိုးစုံတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၁၂၂၀၀၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၄၇၅၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၅၉၉၈၅၂၅ ကျပ်ဖြစ်ရာ ဇွန် ၂၁ ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာငွေ ၁၃၀၁၅၈၇၈၂၉၄ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၇နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စတင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပထမပတ် စတင်စိုက်ပျိုးခြင်း အထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက်ဝန်ကြီးသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ မိုးရာသီစုပေါင်းသစ်ပင် စတင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လျှိုပိတ်ဆည်များအတွင်း ရေဝင်ရောက်မှု၊ ငါးမွေးမြူထားရှိမှုအခြေအနေများနှင့် ဆိတ်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏ နေပြည်တော် ပုံနှိပ်စက်ရုံတို့သို့ သွားရောက်၍ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်း အောင်မြင်နေမှု အခြေအနေများနှင့် စက်ရုံဝန်ထမ်းများ စုပေါင်း၍ မိုးရာသီ သစ်ပင်စတင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက်ဝန်ကြီးသည် နေပြည်တော် သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့၌ ခရေပင်များကို စိုက်ပျိုးပေးပြီး ငါးမွေးမြူရေးကန်များတွင် ငါးမွေးမြူထားရှိမှုနှင့် ဆိတ်မွေးမြူရေးအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိ၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းနှင့် သရက်စိုက်ခင်းတို့ကို ကြည့်ရှုပြီး ၂၀၀၇ ခုနှစ်အတွင်း စိုက်ပျိုးခဲ့သည့် အရိပ်ရလေကာပင်များ ဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်း၍ မိုးရာသီသစ်ပင်စတင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဆီသပြေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက်ဝန်ကြီးသည် ကျွန်းစိုက်ခင်း စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ငါးမွေးမြူထားရှိမှုနှင့် ငါးကန်အသစ်တူးဖော်နေမှုတို့ကို လည်းကောင်း၊ ဆိတ်မွေးမြူရေး အခြေအနေကို လည်းကောင်း၊ ဆီးစိုက်ခင်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံ အပြင်စည်းရိုးကာရံ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပထမပတ် စတင်စိုက်ပျိုးခြင်းတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဲဇလီ၊ တမာ၊ စိန်ပန်း၊ ဆီသပြေနှင့် ခရေစသည့်အပင်များကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၁၈၀၀၊ နေပြည်တော် တပ်ကုန်းရှိ နေပြည်တော် သတင်းစာတိုက်၌ အပင်ပေါင်း ၂၀၀၀၊ နေပြည်တော် ပုံနှိပ်စက်ရုံ၌ အပင်ပေါင်း ၁၀၀၀၊ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ အပင်ပေါင်း ၁၇၀၀ စုစုပေါင်း ပျိုးပင် ၆၅၀၀ တို့ကို စိုက်ပျိုးသည်။

ထို့အပြင် ၂၀၀၈ ခုနှစ် မိုးရာသီ တစ်ခွင်လုံးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၃၀၀၀၊ နေပြည်တော် သတင်းစာတိုက်၌ အပင်ပေါင်း ၅၀၀၀၊ နေပြည်တော် ပုံနှိပ်စက်ရုံ၌ အပင်ပေါင်း ၃၅၀၀၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ အပင်ပေါင်း ၁၅၀၀၀ စုစုပေါင်း ပျိုးပင် ၂၆၅၀၀ တို့ကို မြေလွတ်မြေလပ်တို့တွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အပတ်စဉ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း နေပြည်တော်တပ်ကုန်းရှိသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏ နေပြည်တော် ပုံနှိပ်စက်ရုံတို့မှ ဝန်ထမ်းများစုပေါင်း၍ မိုးရာသီ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

ရန်ကုန် ဇွန် ၂၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖျာပုံမြို့တွင် ၅ဒသမ ၇၅လက်မ၊ စစ်တွေမြို့တွင် ၄ဒသမ ၂၅လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ဒသမ ၅၆လက်မ၊ ကျောက်ဖြူမြို့တွင် ၁ဒသမ ၉၇လက်မ၊ သံတွဲမြို့တွင် ၁ဒသမ ၇၄လက်မနှင့် ပူတာအိုမြို့တွင် ၁ဒသမ ၁၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၂၂ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန် ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်)	၂၀-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	၂၁-၆-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း	၂၁-၆-၂၀၀၈
နေပူသည့်နာရီပေါင်း ၂ ဒသမ ၉နာရီခန့်	၂၀-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၁-၆-၂၀၀၈	၁မမ(၀ဒသမ၀၄လက်မ)	၈မမ(၀ဒသမ၃၁လက်မ)	၁၂မမ(၀ဒသမ၄၈လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၉၆၄ မမ (၃၇ဒသမ၉၅လက်မ)	၁၁၉၇မမ (၄၇ ဒသမ ၁၂ လက်မ)	၁၄၆၄မမ (၅၇ဒသမ ၆၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက် နှုန်းမှာ ၂၁-၆-၂၀၀၈ ရက် ၀၀း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၈)မိုင်နှုန်း တိုက်ခတ်သည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကလေးကစားစရာ အရုပ်ပြပွဲ၌ ပြသထားသော လက်ကိုင်ဖုန်းပုံစံ အရုပ်တစ်ရုပ်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားဓာတ်အားပေးစက်ရုံ လေးရုံ ဘရာဇီး၌ ထပ်မံတည်ဆောက်မည်

ရီယိုဒီဂျနေရိုး ဇွန် ၂၀

ဘရားဇီးနိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံသစ်လေးရုံထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံပိုင် နျူကလီးယား လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဥက္ကဋ္ဌက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းနှင့် ပတ်သက်ပြီး အစည်းအဝေးတစ်ရပ်ကို ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပခဲ့သည်။ ထိုနျူကလီးယား ဓာတ်အားပေးစက်ရုံ အသစ်နှစ်ခုအားဘရာဇီးနိုင်ငံ အရှေ့မြောက်ဘက်တွင် တည်ဆောက်မည်ဖြစ်ပြီး နောက်ထပ်စက်ရုံတစ်ခုအား အရှေ့တောင်ဘက်တွင် တည်ဆောက်မည်ဖြစ်သည်။ ထို့ပြင် စတုတ္ထမြောက်စက်ရုံအား မည်သည့်နေရာတွင် တည်ဆောက်ရမည်ကို ယခုတိုင် ဆုံးဖြတ်ချက် မချရသေးကြောင်း အိုသွန်ပင်ဟိုင်ရိုဒါဆေးလ်ဗားက ပြောကြားသည်။

နျူကလီးယား ဓာတ်အားပေးစက်ရုံသစ်များ တည်ဆောက်ခြင်းနှင့် ပတ်သက်သည့် အစီအစဉ်များ၏ အသေးစိတ်ကို ၂၀၀၉ ခုနှစ်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထိုဓာတ်အားပေးစက်ရုံလေးခုအား တည်ဆောက်ပြီးစီးသွားပါက ယင်းစက်ရုံများမှ အနည်းဆုံး လျှပ်စစ်ဓာတ်အား ပမာဏ မဂ္ဂါဝပ် ၆၀၀၀ ခန့် ထုတ်လွှတ်ပေးသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား၏ ၇၀ ရာခိုင်နှုန်းခန့်ကို အသုံးပြုနိုင်မည်ဖြစ်သည်ဟုသိရသည်။ ထို့ပြင် ယင်းသို့ ဆောင်ရွက်လိုက်ခြင်းအားဖြင့် နောက်လာမည့်အနှစ် ၂၀ ခန့်၌ ဘရာဇီးနိုင်ငံက လိုအပ်သောလျှပ်စစ်ဓာတ်အားပမာဏအတွက် ကြိုတင်စီမံ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဆေးလ်ဗားက ပြောကြားသည်။

ယခုအခါ၌ ဘရာဇီးနိုင်ငံ၌ ဓာတ်အားပေးစက်ရုံနှစ်ခုဖြင့်သာလည်ပတ်အသုံးပြုနေသည်။အန်ဂရာ-၁နှင့်အန်ဂရာ-၂ ဓာတ်အားပေးစက်ရုံနှစ်ခုမှ လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၂၀၀၀ ခန့်သာ ထုတ်လွှင့်လျက်ရှိသည်။ ထို့ပြင် နောက်ထပ် အန်ဂရာ-၃ စက်ရုံသစ်အား ၂၀၀၈ ခုနှစ် လာမည့်နှစ်ဝက်ခန့်မှ စတင်တည်ဆောက်သွားမည်ဖြစ်သည်။ ထိုအန်ဂရာ-၃ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးသွားပါက ၎င်းစက်ရုံမှ လျှပ်စစ်ဓာတ်အားပမာဏမဂ္ဂါဝပ် ၁၃၅၀ ခန့် ထုတ်ယူသုံးစွဲသွားနိုင်မည်ဟု မျှော်မှန်းရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဥရောပရှိ အီရန် ပိုင်ဆိုင်မှုများ ထုတ်ယူခြင်းမရှိဟု အီရန်ပြောကြား

တီဟီရန် ဇွန် ၂၀

အီရန်ဘဏ်များသည်ဥရောပတွင်ထားရှိသော ၎င်းတို့၏ရန်ပုံငွေများကို ရွှေ့ပြောင်းထားရှိခြင်း မပြုကြောင်း အစိုးရဘဏ်၏ အကြီးအကဲက ပြောကြားသည်။

ကွဲလွဲ

၎င်း၏ပြောဆိုခြင်းသည် နျူကလီးယားအစီအစဉ်အပေါ် အရေးယူမှုများ တင်းကြပ်လာမည့်အရေးနှင့် ရင်ဆိုင်နေရသည့်အတွက် ဥရောပမှ ပိုင်ဆိုင်မှုများကို အီရန်နိုင်ငံက ပြန်လည်ထုတ်ယူနေသည်ဟူသောသတင်းနှင့် ကွဲလွဲလျက်ရှိသည်။

ကိုးကား

ယခုကဲ့သို့ ပြဿနာမျိုးကို မည်သည့်အခါမျှ ဖော်ထုတ်တင်ပြနေမည်မဟုတ်ကြောင်း မဲလက်ဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး အလီဒီဗန်ဒါရီ၏ ပြောကြားချက်ကို မီဟာသတင်းဌာနက အင်္ဂါနေ့တွင် ကိုးကားဖော်ပြသည်။

အီရန်ဘဏ်များသည်ဥရောပဘဏ်များနှင့် မည်သည့်ပြဿနာမျှ မ ရှိကြောင်း၊ ထို့ကြောင့် ဥရောပဘဏ်များတွင်ထားရှိသော အီရန်ဘဏ်များ၏ပိုင်ဆိုင်မှုကို ရွှေ့ပြောင်းရန် အကြောင်းတစ်စုံတစ်ရာမျှမရှိကြောင်း ၎င်း၏ပြောကြားချက်ကိုအီရန်သတင်းဌာနက ကိုးကားဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မစ္စစ္စပီမြစ်ရေကြီး၊ တာရိုး ၁၂ခု ရေကျော် လယ်ယာမြေများ ရေလွှမ်း

ဖို့ပါဒီဆန် (အိုင်အိုဝါ) ဇွန် ၂၀

အမေရိကန်နိုင်ငံ မစ္စစ္စပီမြစ်သည် ရေများပြည့်လျှံလာကာ ဗုဒ္ဓဟူးနေ့က အနည်းဆုံး တာရိုး ၁၂ ခုကို ရေကျော်သွားပြီး လယ်ယာမြေများကို ဖုံးလွှမ်းသွားသည်။

အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ ဆုံးရှုံးပြီး ကမ္ဘာ့စားနပ်ရိက္ခာများ ဈေးနှုန်းကြီးမြင့်လာမည်ကို စိုးရိမ်နေရသည်။

ဧကထောင်ပေါင်းများစွာသော ကောက်ပဲသီးနှံ စိုက်ပျိုးမြေများ ရေမမြုပ်စေရန်နှင့် တာရိုးများမကျိုးစေရန် အရေးပါသော ရေလမ်းများကို လုပ်အားပေးများနှင့် အကူအညီရယူ၍ အလုပ်သမားများက သဲအိတ်များ ဖို့ပေးနေကြရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် လျှံကျလာသောမြစ်ရေသည် တောင်ဘက်ပိုင်းသို့ ရောက်လာကာ စိုက်ပျိုးခင်းများကို ခြိမ်းခြောက်လျက်ရှိသည်။

ယခုရက်သတ္တပတ် စောစောပိုင်းက တာရိုး ၁၀ ခု ကျိုးပေါက်သွားပြီး ဗုဒ္ဓဟူးနေ့အထိ တာရိုး ၂၂ ခု ကျိုးပေါက်သွားပြီဖြစ်သည်။ တာရိုးများကျိုးပေါက်ခြင်းသည် အနိမ့်ပိုင်းဒေသများသို့ ရေများ လွှမ်းသွားစေခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် နိုင်ငံတွင် မစ္စစ္စပီ မြစ်ရေလျှံမှုကြောင့် အနောက်အလယ်ပိုင်းဒေသ၌ ရေကြီးနေသည်ကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် သံတမန်ကားတန်း လက်ဘနွန်တွင်ခဲဖြင့် အပေါက်ခံရ

ဝါရှင်တန် ဇွန် ၂၀

လက်ဘနွန်နိုင်ငံတွင် အမေရိကန်ထိပ်တန်းသံတမန်တစ်ဦး၏မော်တော်ယာဉ်တန်းကို တစ်ဒါဇင်ခန့်ရှိ လူတစ်စုကခဲဖြင့်ပေါက်ခဲ့ကြောင်းသို့သော် အပြင်းအထန်ဒဏ်ရာရရှိမှုမရှိကြောင်း အစိုးရအဖွဲ့ရုံးမှ ပြောကြားသည်။

အမေရိကန်သံရုံး ယာယီတာဝန်ခံ မချယ်လီစိုင်ဆန်သည် ခရီးသွားစဉ် နာဘာတီယက်ဇ်မြို့၌ ရပ်နား၍ နေ့လယ်စာ စားသုံးခဲ့သည်။ စားပြီး၍ ၎င်း၏ ကားဆီသို့ ပြန်လာစဉ် ၁၀၀ ခန့်ရှိသော လူအုပ်ကြီးသည် စုဝေးရောက်ရှိ လာသည်။

၎င်းတို့အတွင်းမှ အချို့သည် အော်ဟစ်ကြွေးကြော်လျက် ခဲဖြင့်ပစ်ပေါက်ကြကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တွန်ကေစီက ပြောကြားသည်။ သက်သေအထောက်အထား မပြနိုင်သော်လည်း ၎င်းတို့သည် အီရန်ထောက်ခံသော ဟစ်ဇ်ဘိုလာအုပ်စုနှင့် အဆက်အသွယ်ရှိသူများဟု ယုံကြည်ရကြောင်းပြောသည်။စိုင်ဆန်သည် ကားအတွင်းသို့ ဝင်ရောက်ပြီး ထိုနေရာမှ မောင်းထွက်နိုင်ခဲ့သည်။ ၎င်း၏မော်တော်ယာဉ်တန်းတွင် ကားနှစ်စီး(သို့) သုံးစီးပါပြီး အနည်းငယ်မျှ ထိခိုက်ပျက်စီးခြင်း မရှိကြောင်း တွန်ကေစီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ချဒ်၌ လေယာဉ်ပျက်ကျ လေယာဉ်အမှုထမ်းနှစ်ဦးသေဆုံး

ပရက်စ် ဇွန် ၂၀

ချဒ်နိုင်ငံအနောက်ဘက်ကရက်စ်နိုကျေးရွာအနီး၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်အမှုထမ်းနှစ်ဦး သေဆုံးကြောင်း အင်္ဂါနေ့တွင် ပြည်တွင်းအရေးပေါ်ဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

အသက် ၅၂ နှင့် ၅၄ နှစ်ရှိ လေယာဉ်အမှုထမ်းနှစ်ဦးသည် လေယာဉ်မှူးစခန်းအတွင်း၌သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပျက်စီး

အဆိုပါလေယာဉ်သည် လေယာဉ်ပြေးလမ်းမှ လမ်းချော်ပြီး မီတာ ၁၀ ခန့်အကွာရှိ မြက်တောအတွင်းသို့ ရောက်ရှိကာ မီးလောင်ပျက်စီးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်တောင်ပိုင်း၌ တာလီဘန်များအား တိုက်ခိုက် စစ်သွေးကြွရာချီ၍ သေကျေဒဏ်ရာရရှိ

ကဘူး ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကင်ဒါဟာပြည်နယ် အာဂန်ဒတ်ခရိုင်တွင် ဇွန် ၁၈ ရက်က တာလီဘန်စစ်သွေးကြွများကို စစ်ဆင်ရေးတစ်ခု ပြုလုပ်သည်။ နေတိုးထောက်ခံသည့် အာဖဂန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ရာနှင့်ချီ၍ သေကျေဒဏ်ရာရရှိကြောင်းပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ သို့သော် သေကျေဒဏ်ရာရရှိသော တာလီဘန်များ၏ ကိန်းဂဏန်းအတိအကျကိုမူပြောကြားခြင်းမရှိချေ။ ယင်းစစ်ဆင်ရေးအတွင်းအာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာပြင်းထန်စွာရရှိကြောင်း၎င်းက ပြောကြားသည်။

နေတိုးထောက်ခံသည့် အာဖဂန်စစ်ဘက်ကတာလီဘန် စစ်သွေးကြွများကို အာဂန်ဒတ်ခရိုင်မှ တိုက်ထုတ်ခဲ့ပြီး ယခုအခြေအနေ၌ အဆိုပါနယ်မြေသည် အစိုးရတပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်ကကန်ဒါဟာပြည်နယ်အနောက်မြောက်ပိုင်း ၁၅ကီလိုမီတာအကွာအာဂန်ဒတ်ခရိုင်ရှိကျေးရွာအချို့ကိုစစ်သွေးကြွရာပေါင်းများစွာက သိမ်းပိုက်ထားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများသို့ ဖန်ရှန်းအမည်ရှိ တိုက်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခိုက်ပြီးနောက် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးမှုများ ဖြစ်ပေါ်နေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၀၈ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါစိတ်ကြိုက် ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများဖြစ်ရမည်-

(၁) **တပ်မတော်ဆေးတက္ကသိုလ်**။ ရူပဗေဒ၊ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်**။ ရူပဗေဒနှင့်ဓာတုဗေဒဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၈ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာတပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါနေ့ရက်များ အတိုင်းစတင် ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်ရက်** (၂၂-၈-၂၀၀၈)

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်ရက်** (၂၃-၈-၂၀၀၈)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက် ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဝန်ကြီးဌာန

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၀၈ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒနှင့်ဓာတုဗေဒ ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၈ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၀၈ ခုနှစ်၊ဩဂုတ်လ (၂၄)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။